JUSTICE FOR MYANMAR

# Kirin ၏ ၂၀၂၁ ခုနှစ် ပထမလေးလပတ် ရလာဒ်များအပေါ် Justice For Myanmar က တုန့်ပြန်ချက်လိုက်သည်။

***မြန်မာဘီယာ သပိတ်သည် နှစ်အလိုက် အရောင်း 46 % ကျဆင်းမှုနှင့်အတူ ဗိုလ်ချုပ်ကြီးများ၏ အိတ်ထောင်များကို ထိခိုက်စေသည်။***

*၂၀၂၁ ခုနှစ် မေလ ၁၂ ရက်။ မြန်မာနိုင်ငံ။* Kirin ၏ ၂၀၂၁ ခုနှစ် ပထမလေးလပတ် ဘဏ္ဍာရေး ရလာဒ်များက မြန်မာ အဖျော်ယမကာ လုပ်ငန်း နှစ်အလိုက် အရောင်း ပမာဏ တွင် ၄၆ % ကျဆင်းသွားကြောင်း ပြနေပြီး မြန်မာစစ်တပ်က လုပ်ခဲ့သော တရားမဝင်ပဲ ရက်စက်ကြမ်းကြုတ်သော ဖေဖော်ဝါရီလ ၁ ရက် အာဏာသိမ်းရန် ကြိုးပမ်းမှု နောက်ပိုင်းတွင် မြန်မာဘီယာကို လူကြိုက်များသော စုပေါင်း သပိတ်မှောက်ခြင်း၏ သက်ရောက်မှုအပေါ် အထောက်အထားသစ်ကို ဖော်ပြပေးနေသည်။ Kirin ၏ ဖော်ပြချက်အရ မြန်မာ အဖျော်ယမကာ၏ ပုံမှန် လုပ်ငန်း လည်ပတ်မှု အမြတ်အစွန်းသည် ၂၀၂၀ ခုနှစ် ပထမ လေးလပတ်နှင့် နှိုင်းယှဉ်လျှင် ၄၉.၆ % သာ ရှိပြီး ကွာဟမှုမှာ ဂျပန်ယန်းငွေ ၂.၅ ဘီလီယံ (မြန်မာကျပ် ၃၂ ဘီလီယံ) ရှိပြီး ဝင်ငွေတွင် ၄၆.၇ % ကျဆင်းသွားရာ ကွာဟမှုမှာ ဂျပန်ယန်း ၅ ဘီလီယံ (မြန်မာကျပ် ၆၆ ဘီလီယံ) ရှိသည်။

Myanmar Brewery သည် Kirin Holdings နှင့်မြန်မာ့စီးပွားရေး ဦး ပိုင်လီမိတက် (MEHL) တို့၏ ဖက်စပ်လုပ်ငန်း ဖြစ်သည်။ ၂၀၂၀ခုနှစ် နိုဝင်ဘာ ၁၁ ရက်တွင် Kirin သည် စစ်တပ်အား အမြတ်ဝေစု ခွဲပေးခြင်းကို ဆိုင်းငံ့လိုက်ကြောင်းကြေငြာခဲ့ပြီး ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၅ ရက်တွင် Kirin အနေဖြင့် အသေးစိတ်အချက်အလက်များ သို့မဟုတ် လုပ်ငန်း အချိန်ဇယားများ မဖော်ပြရ သေးသော်လည်း သူတို့၏ (MEHL) နှင့် ဖက်စပ် ဆက်ဆံရေး ကိုရပ်ဆိုင်းတော့မည်ဟု ကြေငြာခဲ့သည်။ မြန်မာစစ်တပ်နှင့် ၎င်းတို့၏ ဖက်စပ် စီးပွား ဆက်ဆံရေးကို အဆုံးသတ်ရန် သူတို့လုပ်ဆောင်နေသည့် ခြေလှမ်းများကို ဖော်ပြရန် နှင့် လုပ်ငန်းလုပ်ဆောင်မည့် အချိန် သတ်မှတ်ချက်များ ထုတ်ဖော်ပေးရန် Kirin အားကျွန်ုပ်တို့တောင်းဆိုသည်။ ကျွန်မတို့ အနေနဲ့ မြန်မာ အဖျော်ယမကာ လုပ်ငန်းသည် Kirin ဦးပိုင် လုပ်ငန်းနှင့် ဆက်စပ်မှု ကို အဆုံးသတ်စေရန် မည်သည့် အဆင့်များ လုပ်ဆောင်နေသည်ကို ဖော်ထုတ်ပေးရန် Kirin ကို တောင်းဆိုလိုက်သည်။

JUSTICE FOR MYANMAR

**Justice For Myanmar ပြောရေးဆိုခွင့်ရှိသူ ရတနာ မောင်က** *“Kirin ရဲ့ ဘဏ္ဍာရေး ရလာဒ်တွေဟာ မြန်မာပြည်သူတွေ အားလုံးစုပေါင်းပြီး စစ်တပ် ထုတ်ကုန်တွေကို သပိတ်မှောက်ခြင်းဟာ အလုပ်ဖြစ်တယ်ဆိုတာ နဲ့ ဖေဖော်ဝါရီလ ၁ ရက်နေ့ အာဏာသိမ်းဖို့ ကြိုးပမ်းမှုကို ဦးဆောင်ခဲ့တဲ့ ခြစားနေတဲ့ စစ်ရာဇဝတ်ကောင်တွေရဲ့ အိတ်ထောင်တွေကို တိုက်ရိုက် ထိခိုက်မှု ဖြစ်ပေါ်စေတယ် ဆိုတာရဲ့ ရှင်းလင်းတဲ့ အထောက်အထားကို ပေးနေပါတယ်။ Kirin ရဲ့ ကိန်းဂဏန်းတွေက မြန်မာပြည်သူတွေဟာ စစ်တပ် အုပ်ချုပ်ရေးကို ဆန့်ကျင်ပြီး ဒီမိုကရေစီကို ပြန်လည် ထူထောင်ဖို့ လိုလားတယ်ဆိုတာကိုလည်း နောက်ထပ် ပြသနေပါသေးတယ်။ Kirin က ဒီကိန်းဂဏန်းတွေဟာ ကိုဗစ်ကြောင့် ဖြစ်လာတဲ့ “နိုင်ငံရေး အပြောင်းအလဲ” ကြောင့် ဖြစ်လာတဲ့ ရလာဒ်တွေ ဖြစ်တယ်ဆိုပြီး ရှင်းပြဖို့ ကြိုးစားခဲ့ပေမယ့် ဒီ လူသတ်သမားတွေကို ငွေကြေးထောက်ပံ့ပေးနေတဲ့ မြန်မာနိုင်ငံက ရွံရှာဖွယ်ကောင်းတဲ့ စီးပွားရေး ပုံစံကို စုပေါင်း ဆန့်ကျင်မှုရဲ့ အထောက်အထားလည်း ဖြစ်တယ်။ ကျွန်မတို့အနေနဲ့ Kirin ကို သူတို့ရဲ့ ရာဇဝတ်ကောင် စီးပွားရေး လုပ်ဖော်ကိုင်ဖက်တွေနဲ့ လမ်းခွဲဖို့အတွက် ဘာခြေလှမ်းတွေ လုပ်ဆောင်နေတယ်ဆိုတာ ချက်ချင်း ဖော်ထုတ်ပေးဖို့ တောင်းဆိုပါတယ်။ Kirin ဟာ အာဏာသိမ်းဖို့ ကြိုးပမ်းချိန်က စလို့ ပထမ ရက်ပေါင်း ၁၀၀ အတွင်းမှာ လူပေါင်း ၇၈၃ ယောက်ကို သတ်ဖြတ်ခဲ့ပြီး လူပေါင်း ၅၀၀၀ နီးပါးကို ဖမ်းဆီး ထိန်းသိမ်းမှုတွေ ပါဝင်တဲ့ မြန်မာစစ်တပ်ရဲ့ ဆက်လက် ကျူးလွန်နေတဲ့ လူသားမျိုးနွယ်အပေါ် ဆန့်ကျင်တဲ့ ရာဇဝတ်မှုတွေကို ကူညီထောက်ပံ့နေတဲ့ မြန်မာ အဖျော်ယမကာ လုပ်ငန်း ကို ကူညီပံ့ပိုးနေတာကို ချက်ချင်း ရပ်ဆိုင်းရပါမယ်။”*ဟု ပြောသည်။

**အယ်ဒီတာများအတွက် မှတ်ချက်။**

Kirin ၏ ၂၀၂၁ ခုနှစ် ပထမလေးလပတ် ဝင်ငွေ ထုတ်ပြန်ချက်ကို https://pdf.irpocket.com/Z2503/eq9A/YKUL/IQBe.zip တွင် ကြည့်ပါ။

Justice For Myanmar သည် မြန်မာပြည်သူများအတွက် တရားမျှတမှုနှင့် တာဝန်ခံမှု ရရှိစေရန်၊ စစ်တပ်စီးပွားရေးများ အဆုံးသတ်ရန် တောင်းဆိုနေကာ ဖက်ဒရယ်ဒီမိုကရေစီနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးအတွက် စည်းရုံးလှုံ့ဆော်နေသော အမည်မဖော်သော တက်ကြွလှုပ်ရှားသူ အုပ်စုဖြစ်သည်။

JUSTICE FOR MYANMAR

ဆုံး

ပိုမို သိရှိလိုပါက
ရတနာမောင်
အီးမေးလ်။ media@justiceformyanmar.org
ဝက်ဘ်ဆိုက်။ https://www.justiceformyanmar.org/
ဆင့်ပွားဆိုက်။ https://justiceformyanmar.github.io/justiceformyanmar.org/
တွစ်တာ။ @justicemyanmar
ဖေ့စ်ဘွတ်။ https://www.facebook.com/justiceformyanmar.org/